# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အတွဲ(၃)၊ အမှတ်-၈၇ စက်တင်ဘာ ၁၇ ရက်၊ ၂၀၁၉

## ငြိမ်းစုစီဥပဒေနှင့်နည်းဥပဒေများကို ဒေသန္တရအမိန့်များက ကျော်လွန်နေသည့်အပေါ် ဖြေရှင်းပေးရန် မန္တလေးတိုင်းလွှတ်တော်တွင် မေးမြန်း



**စက်တင်ဘာ ၁၄၊ ၂၀၁၉**

မန္တလေးတိုင်းဒေသကြီး ဒုတိယအကြိမ် လွှတ်တော် ၁၅ ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့၊ စက်တင်ဘာ ၁၃ ရက်နေ့က မိတ္ထီလာမဲဆန္ဒနယ်အမှတ် ၁ မှ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်မိုးမှ "ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေနှင့်နည်းဥပဒေများအား ဒေသန္တရအမိန့်များနှင့် စည်းကမ်းချက်များက ကျော်လွန်လွှမ်းမိုးနေခြင်း၊ ကန့်သတ်ချုပ်ချယ်မှုများ များပြားနေခြင်းတို့သည် ဒီမိုကရေစီစနစ်ကို ဖော်ဆောင်နေသော နိုင်ငံတစ်ခုအနေဖြင့် နိုင်ငံသားအခွင့်အရေးများ ဆုံးရှုံးနေမှုတို့အား မည်ကဲ့သို့ဖြေရှင်းဆောင်ရွက်သွားမည်ကို သိရှိလိုကြောင်း" မေးမြန်းခဲ့ရာ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်မင်းမှ "ဒေသန္တရအမိန့်ပါ စည်းကမ်းချက်များသည် ထုတ်ပြန်ထားရှိသည့် ဥပဒေ၊ နည်းဥပဒေများအား ဆန့်ကျင်ကျော်လွန်၍ ထုတ်ပြန်ထားခြင်းမရှိတဲ့အတွက် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့် လျှောက်ထားသူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအား ဥပဒေ၊ နည်းဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခွင့်ပေးခြင်းသာဖြစ်ပါကြောင်း" ဖြေကြားခဲ့သည်။

ဆက်စပ်မေးခွန်းအဖြစ် ဦးအောင်ကျော်မိုးက "ကျွန်တော့်ရဲ့ တင်ပြချက်တွေထဲမှာ ပါတာရှိပါတယ်။ ကိုယ်ရေးအကျဉ်းတွေနဲ့ တင်ပြတောင်းခံတယ်ဆိုတဲ့ကိစ္စကို မပြောလိုသော်လည်းပဲ ငြိမ်းစုစီနဲ့ပတ်သက်ပြီးတော့ ဟောပြောဆွေးနွေးတဲ့အခါမှာ သက်ဆိုင်ရာနေရာဒေသတွေမှာ စကားပြောစင်မလုပ်ရဘူး အသံချဲ့စက်မသုံးရဘူးဆိုတာတွေကကော ဥပဒေနဲ့အညီပဲ တားမြစ်ထားတာလားလို့ သိချင်ပါတယ်"ဟု မေးမြန်းခဲ့သည်။

ယင်းမေးခွန်းအပေါ် လွှတ်တော်ဥက္ကဋ္ဌမှ "ဒါကတော့ ခုနက ဖြေသွားတဲ့အထဲမှာ နေရာဒေသတိုင်းကိုတော့ မဆိုလိုဘူး။ တခြား လိုအပ်တဲ့ ဒေသန္တရမှာဆိုရင်တော့ ဒီလိုတားမြစ်ချက်လေးတွေကို သတ်မှတ်ပေးထားတာပါ ရှိပါတယ်လို့ ဒါပြောထားပြီးသားဖြစ်ပါတယ်။ အဲ့တာကြောင့်မလို့ ဒီလိုခွင့်မပြုတာဟာလည်း လိုအပ်ချက်အရခွင့်မပြုတာပဲ ဖြစ်ပါတယ်။ ကိုယ်စားလှယ်ကြီး တင်ပြတဲ့ထဲမှာလည်း တိတိကျကျနဲ့ ဘယ်နေ့၊ ဘယ်ဒေသမှာ ဘယ်လိုတားဆီးခံရတယ်ဆိုတာကို မပါဘူးလေ။ ဒါကြောင့်မို့လို့ ဒါကိုတော့ ကျွန်တော်မေးမြန်းခွင့်မပြုပါဘူး"ဟု တားမြစ်ခဲ့သည်။

ဦးအောင်ကျော်မိုးမှ "မြို့နယ်အားလုံးမှာ အဲ့ဒီအချက်က ကန့်သတ်ထားတာဖြစ်ပါတယ်"ဟု တင်ပြသော်လည်း လွှတ်တော်ဥက္ကဋ္ဌမှ ဆက်လက်မေးမြန်းခွင့်မပြုခဲ့ပေ။

**(ကိုးကား- - ကနောင်အင်စတီကျူဖေ့စ်ဘွတ်ခ်)**

# အတည်ပြုထားသည့် အဆို ၂၈ ခုနှင့် ပတ်သက်ပြီး ဆောင်ရွက်ထားမှုကို ရခိုင်ပြည်နယ်အစိုးရက အကြောင်းမပြန်သေးဟုဆို

**စက်တင်ဘာ ၁၂၊ ၂၀၁၉**

ရခိုင်ပြည်နယ် လွှတ်တော်အစည်းအဝေးများ၌ အတည်ပြုခဲ့သောအဆိုများအနက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ဆောင်ရွက်ထားရှိမှုကို အကြောင်းမပြန်သေးသော အဆို ၂၈ ခုရှိကြောင်း လွှတ်တော်ဒုဥက္ကဋ္ဌ ဦးမြ သန်းက ပြောသည်။

ဒုတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော်သက်တမ်းတွင် ပြုလုပ်ခဲ့သော ပုံမှန်၊ အထူး၊ အရေးပေါ်အစည်းအဝေးများ၌ လွှတ်တော်က အတည်ပြုထား သည့် အဆို ၅၅ ခုရှိကြောင်း ၎င်း က ဆိုသည်။

"လွှတ်တော်က အတည်ပြုထားတဲ့ အဆို ၅၅ ခုမှာ အစိုးရက ဆောင်ရွက်ထားမှုတွေကို အကြောင်းကြားတာ ၂၇ ခုပဲ ရှိပါသေးတယ်။ မကြာခင်ပဲ လွှတ်တော်သက်တမ်းက ကုန်ဆုံးတော့မှာ ဖြစ်ပါတယ်"ဟု ဦးမြသန်းက ပြောသည်။

လွှတ်တော်ကအတည်ပြုထားပြီး အစိုးရအဖွဲ့က ဆောင်ရွက်ထားမှု အခြေအနေကို အကြောင်းပြန်ကြားရာတွင် အားရကျေနပ်လောက်သည့်အနေအထားတွင်မရှိကြောင်း မောင်တောမဲဆန္ဒနယ်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်အုန်းက ပြောသည်။

ရခိုင်ပြည်နယ်သည် ARSA အကြမ်းဖက်အဖွဲ့၏ အကြမ်းဖက်တိုက်ခိုက်မှု၊ တပ်နှင့် ရခိုင်လက်နက်ကိုင်အဖွဲ့ မကြာခဏတိုက်ပွဲဖြစ်ပွားနေမှုများကြောင့် အစိုးရအဖွဲ့၏တာဝန်များသည် အခြားတိုင်းဒေသကြီး၊ ပြည်နယ်များထက် ရှုပ်ထွေးကြောင်း အစိုးရအရာရှိတစ်ဦးက ပြောသည်။

တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အစိုးရသည် သက်ဆိုင်ရာတိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်က အခါအားလျော်စွာချမှတ်သည့် အုပ်ချုပ်ရေးဆိုင်ရာ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်၊ မိမိ၏အရေးယူဆောင်ရွက်ချက်များကို သက်ဆိုင်ရာတိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်သို့ ပြန်လည်အစီရင်ခံရမည်ဟု ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၈ (က) တွင် ပြဋ္ဌာန်းထားသည်။

**(ကိုးကား-https://7daydaily.com)**

# စစ်ကိုင်းတိုင်းတွင် တုံ့ပြန်နိုင်စွမ်းကောင်းသော လူထုစီမံကိန်း ဆောင်ရွက်ရန်စီစဉ်

**စက်တင်ဘာ ၁၃၊ ၂၀၁၉**

နာဂဒေသအပါအဝင် စစ်ကိုင်းတိုင်းရှိ ခုနစ်မြို့နယ်တွင် တုံ့ပြန်နိုင်စွမ်းအားကောင်းသော လူထုစီမံကိန်းဆောင်ရွက်ရန် စီစဉ်နေကြောင်း စစ်ကိုင်းတိုင်း စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်က ပြောသည်။

ယင်းစီမံကိန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်မည်ဖြစ်ပြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီး၊ လဟယ်၊ နန်းယွန်းအပါအဝင် ကလေးဝ၊ မော်လိုက်၊ မင်းကင်း၊ ဖောင်းပြင်မြို့နယ်တို့တွင် ဆောင်ရွက်မည်ဖြစ်သည်။

စစ်ကိုင်းတိုင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းကျော်မျိုးက "တုံ့ပြန်နိုင်စွမ်းအားကောင်းသော လူထုစီမံကိန်းက လုပ်မှာပါ။ လွှတ်တော်ကတော့ အတည်ပြုပြီးပြီပြောတယ်။ အတည်ပြုပြီးရင် လာမယ့် ၂၀၁၉-၂၀ မှာ စလုပ်မှာပါ။ ဒီစီမံကိန်းမှာက အသက်မွေးဝမ်း




**စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်**

ကျောင်းတွေရော၊ နည်းပညာနဲ့ အရင်းအနှီးရော လုပ်ပေးမယ်။ လူထုဗဟိုပြုစီမံကိန်းလိုလုပ်ငန်းတွေလုပ်ပေးမယ်။ အခုဟာက အသက်မွေးဝမ်းကျောင်း ပိုလာတာပေ့ါ။ စိုက်ပျိုးရေး၊ မွေးမြူရေး စတဲ့အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေပါမယ်"ဟု ပြောသည်။

အဆိုပါလူထုစီမံကိန်းသည် စစ်ကိုင်းတိုင်း ခုနစ်မြို့နယ်ရှိ ကျေးရွာများတွင် လူဦးရေအလိုက် ငွေသုံးစွဲမည်ဖြစ်ပြီး အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ဆောင်မည်ဖြစ်၍ တစ်ဦးချင်းစီ၏ ဝင်ငွေတိုးနိုင်သဖြင့် ဒေသဖွံ့ဖြိုးရေး အထောက်အကူပြုကြောင်း ၎င်းက ပြောသည်။

လေရှီးမြို့နယ် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးရိထင်က "ဒေသခံတွေရဲ့ လိုအပ်ချက်တွေကို ဒေသခံတွေနဲ့ ပေါင်းပြီး စီမံကိန်းအကောင်အထည်ဖော်မယ်လို့ သူတို့ရဲ့စီမံချက်မှာပါတယ်။ ဒေသခံတွေ အဓိက ဘာလိုသလဲ၊ ဥပမာ-စိုက်ပျိုးရေးလား၊ ကျန်းမာရေးလား၊ ပညာရေးလား၊ လမ်းပန်းဆက်သွယ်ရေးလား၊ ဒီဟာတွေ အဓိကထားပြီး သူတို့ရဲ့ လိုအပ်ချက်တွေကို ရွာမှာရှိတဲ့ လူဦးရေအပေါ်မူတည်ပြီး ရွာကြီးရင် ကြီးသလို အကောင်အထည်ဖော်မယ်လို့ သိရပါတယ်"ဟု ပြောသည်။

ယင်းစီမံကိန်းကို အာရှဖွံ့ဖြိုးရေးဘဏ်၊ ဥရောပသမဂ္ဂနှင့် Trust Fund တို့၏ ထောက်ပံ့ငွေ ကန်ဒေါ်လာ ၃၆ ဒသမ ၄၈ သန်း၊ အာရှဖွံ့ဖြိုးရေးဘဏ်ချေးငွေ ကန်ဒေါ်လာ ၁၈၉ ဒသမ ၁၀ သန်းနှင့် အစိုးရထည့် ဝင်ငွေ ကန်ဒေါ်လာ ၁၉ ဒသမ ၃၆ သန်း စုစုပေါင်း ကန်ဒေါ်လာ ၂၄၄ ဒသမ ၉၄ သန်းဖြင့် ဆောင်ရွက်မည်ဖြစ်သည်။

**(ကိုးကား - https://7daydaily.com)**

# အစိုးရနှင့် အကျိုးတူဆောင်ရွက်ကြမည့် စီမံကိန်းလုပ်ငန်းများ လွှတ်တော်သို့ မပျက်မကွက် တင်ပြရန် တိုက်တွန်းကြောင်းအဆို ရှုံးနိမ့်




လွှတ်တော်တွင် ဦးကျော်ဇေယျ (ယာပုံ) မှ မေးခွန်းတစ်ခုမေးမြန်းနေစဉ်။ (ဓာတ်ပုံ - Bago Region Hluttaw)

**စက်တင်ဘာ ၉၊ ၂၀၁၉**

ဒုတိယအကြိမ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး၊ ပထမနေ့တွင် ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) ကိုယ်စားလှယ် ဦးကျော်ဇေယျမှ "ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ကုမ္ပဏီများနှင့်အကျိုးတူဆောင်ရွက်မည့် စီမံကိန်းများနှင့်ပတ်သက်၍ လွှတ်တော်သို့ မပျက်မကွက် ရှင်းလင်းတင်ပြရန် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း" အဆိုကိုတင်သွင်းခဲ့သည်။

အဆိုရှင်မှ "လွှတ်တော်၏လုပ်ပိုင်ခွင့် မြှင့်တင်ရန်မရည်ရွယ်ကြောင်းနှင့် အစိုးရ၏လုပ်ငန်းများ ပွင့်လင်းမြင်သာစေရန်၊ အမှားအယွင်းနည်းပြီး ပြည်သူလူထုကို ပိုပြီးကိုယ်စားပြုစေဖို့" ရည်ရွယ်ကြောင်း အဆိုတင်သွင်းစဉ် ထည့်သွင်းဆွေးနွေးခဲ့သည်။

ယင်းအဆိုကို ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)ကိုယ်စားလှယ် ဦးရဲလင်းနိုင်မှ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၂၅၁ ၊ ၂၅၈(က) ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ဥပဒေများအရ "စီမံကိန်းများကိုသက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သဘောတူညီချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရမည်" ဆိုသည့် ပြဌာန်းချက်အရ အဆိုအောင်မြင်ပါက လွှတ်တော်သို့ အသိပေးတင်ပြရုံသာဆောင်ရွက်ပြီး ဥပဒေအရပေးထားသည့် လွှတ်တော်၏လုပ်ပိုင်ခွင့်တာဝန်အပိုင်း လျှော့ချနိုင်သဖြင့် အဆိုကို လက်ခံဆွေးနွေးရန်မသင့်ကြောင်း ကန့်ကွက်ဆွေးနွေးခဲ့သည်။

အဆိုရှင် ဦးကျော်ဇေယျမှ "ဘတ်ဂျက်နှစ်အလိုက်ဆောင်ရွက်သည့် ဒေသန္တရစီမံကိန်းများသာ အစိုးရတင်ပြပြီး အစိုးရနှင့်အကျိုးတူဆောင်ရွက်သည့် လုပ်ငန်းများ၊ BOT၊ PPP လုပ်ငန်းကို လွှတ်တော်သို့တင်ပြရန်နှင့် အမှားအယွင်းနည်းပါးအောင် ရည်ရွယ်ကြောင်း" ထပ်မံတင်ပြခဲ့သည်။ ထို့ပြင် ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက်မှအဆိုကို ထောက်ခံဆွေးနွေးခဲ့သည်။

သို့သော် ကန့်ကွက်သည့် ကိုယ်စားလှယ်ရှိသဖြင့် လွှတ်တော်ဥက္ကဋ္ဌမှ လွှတ်တော်ဆိုင်ရာနည်းဥပဒေအရ အဆိုကိုလက်ခံဆွေးနွေးရန်သင့်/မသင့် လျှို့ဝှက်မဲခွဲရာ မဲပေးခွင့်ရှိသူ ကိုယ်စားလှယ် (၆၈) ဦးအနက် ထောက်ခံမဲ (၂၈) မဲ ၊ ကန့်ကွက်မဲ (၃၆) မဲ ၊ ကြားနေမဲ (၄) မဲ ဖြင့် အဆိုကို လွှတ်တော်မှ လက်ခံဆွေးနွေးရန်မသင့်ကြောင်း ကြေညာခဲ့သည်။

(ကိုးကား-https://www.facebook.com/poppmyanmar)

## သတင်းတို

● တနင်္သာရီတိုင်းတွင် ရေကြီးမြေပြိုမှုကြောင့် သဲနှင့်နုန်းမြေများ ဖုံးလွှမ်းခဲ့သည့် လယ်မြေနှင့် နှစ်စဉ်ရေလွှမ်း၍ စိုက်ပျိုးမရသည့် လယ်ယာမြေ ဧက ၇၄၀ ကို တောင်သူများ၏ ဆန္ဒအတိုင်း လယ်ယာမြေအကွက်များ ပြန်လည်ဖော်ဆောင်ပေးမည်ဖြစ်ကြောင်း တနင်္သာရီတိုင်း စက်မှုလယ်ယာဦးစီးဌာနထံမှ သိရသည်။ တိုင်းအစိုးရ၏ ရန်ပုံငွေဖြင့် စက်မှုလယ်ယာဦးစီးဌာနမှ လာမည့် နိုဝင်ဘာလတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်မည် ဖြစ်ကြောင်း အထက်ပါဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇော်ဦးက ပြောသည်။ အဆိုပါလယ်များကို ပြန်လည်ဖော်ဆောင်ပေးရန် လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်အစည်းအဝေးတွင် ဆွေးနွေးလေ့ရှိပြီး လွှတ်တော်ကိုယ်စားလှယ်များ၏ တောင်းဆိုချက်အရ တိုင်းဒေသကြီးအစိုးရ၏ စီမံခန့်ခွဲမှုဖြင့် ပြုလုပ်မည်ဖြစ်ကြောင်း ၎င်းကပြောသည်။

(ကိုးကား-http://www.daweiwatch.com)

● စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် နှောင့်နှေးကြန့်ကြာမှု မရှိရေး လွှတ်တော်ကိုယ်စားလှယ်များကို အသိပေး၍ ပူးပေါင်းဆောင်ရွက်ရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တွေ့ဆုံစဉ် မှာကြားခဲ့သည်ဟု ဆိုသည်။ စက်တင်ဘာ ၁၃ ရက်က နေပြည်တော်တွင် ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်၍ ပြည်ထောင်စုဝန်ကြီးများ၊ တနင်္သာရီတိုင်းအစိုးရ အဖွဲ့ဝင်များနှင့် တိုင်းလွှတ်တော်အမတ်များ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးစဉ် အထက်ပါအတိုင်း ညွှန်ကြားခဲ့ခြင်းဖြစ်ကြောင်း ဘုတ်ပြင်းအမျိုးသားလွှတ်တော်အမတ် ဦးခင်မျိုးဝင်းထံမှ သိရသည်။

(ကိုးကား - https://7daydaily.com)